မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၂၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် မဟိန္ဒာ ရာဇပက္ခ ဝိတ်ရမ်မာနာရာကာ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၃၀ ရက်)

စီးပွားရေးတွက်ခြေကိုက်သည့် ရော်ဘာတိုးချဲ့စိုက်ပျိုး

နိုင်ငံတကာတွင် မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းကဲ့သို့သော စက်မှုလုပ်ငန်းများ ထုတ်ကုန်တိုးမြှင့်လာသဖြင့် ရော်ဘာလိုအပ်ချက်သည် မြင့်မားလျက်ရှိသည်။

ရော်ဘာစေးသည် ကားတာယာများ၊ ပန်ကာကြိုးများနှင့် အခြားစက်မှုလုပ်ငန်းအချို့တွင် အသုံးများသော စက်မှုကုန်ကြမ်းပစ္စည်းဖြစ်သည်။ အစေးအထွက်နည်းသော ရော်ဘာပင်အိုများကို ခုတ်လှဲ၍ ရော်ဘာသစ်ထုတ်လုပ်ကာ ပရိဘောဂများ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများမှာလည်း စီးပွားရေးအရ တွက်ခြေကိုက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မွန်ပြည်နယ်သည် ဒေသ၏ ရေမြေသဘာဝအခြေအနေပေးမှုနှင့် ရာသီဥတု ကောင်းမွန်မှုကြောင့် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံး စိုက်ပျိုးထုတ်လုပ်နေသော ဒေသဖြစ်သည်။

မွန်ပြည်နယ်အပြင် တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ရော်ဘာကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးသည်။

၂၀၀၆-၂၀၀၇ ခုနှစ်က ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ရော်ဘာပင်များ တိုးချဲ့စိုက်ပျိုးနိုင်မှုကြောင့် စုစုပေါင်းစိုက်ဧက ခုနစ်သိန်းကျော်ရှိလာပြီး ယခု ၂၀၀၇-၂၀၀၈ ခုနှစ်၌ ဧက နှစ်သိန်းကျော် ထပ်မံစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ရော်ဘာစိုက်တောင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက် ဝယ်လိုအားမြင့်မားလျက်ရှိသည့် ရော်ဘာနှစ်ရှည်ပင်ကို တိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် သားကြီး မောင်ကျော်ကျော်လှမြင့်အား ရည်စူး၍ မိဘနှစ်ပါးဖြစ်သော ရန်ကုန်နည်းပညာတက္ကသိုလ် အမှတ် ၁၄ (G)နေ ဒေါက်တာဦးလှမြင့်-ဒေါက်တာဒေါ်ဆွေဆွေအေး၊ သားငယ် မောင်ကျော်ဆွေမြင့်၊ သမီး မသဲအိဆွေမိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးဘချိုတို့က လက်ခံယူသည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆင်ဟွာနှင့် စီအင်န်အေသတင်းဌာနများ ပူးတွဲဆောင်ရွက်မည်

ပေကျင်း ဩဂုတ် ၂၉

တရုတ်နိုင်ငံမှ ဆင်ဟွာသတင်းဌာနနှင့် ဆိုက်ပရပ်စ်သတင်းဌာန(စီအင်န်အေ)တို့အနေဖြင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဩဂုတ် ၂၇ ရက်က သဘောတူညီခဲ့ကြသည်။

မိမိတို့သတင်းဌာနနှစ်ခုသည် နယ်ပယ်စုံတွင် ပူးတွဲဆောင်ရွက်သွားပြီး အကျိုးတူပူးပေါင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက် မျှတသော စည်းမျဉ်းစည်းကမ်းများဖြင့် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနအကြီးအကဲ တန်ကွန်မင်းက စီအင်န်အေသတင်းဌာနအကြီးအကဲ ကော့စတာကစ်နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ပူးတွဲဆောင်ရွက်

ကမ္ဘာတစ်ဝန်း ဖြစ်ပျက်နေသော သတင်းအချက်အလက်များ ပူးပေါင်းဖလှယ်ရေးနှင့် အကူအညီပေးရေးများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ် အားကစားပွဲတော်နှင့်ပတ်သက်သည့် သတင်းများကိုလည်း ကမ္ဘာတစ်ဝန်းမီဒီယာများနှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ဆောင်ရွက်ရေးများကို အဆိုပါသတင်းဌာနနှစ်ခုက ပူးတွဲဆောင်ရွက်သွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရာသီဥတုပြောင်းလဲမှုထိန်းသိမ်းရေး ဆွေးနွေးရန် ဗီယင်နာသို့ ကိုယ်စားလှယ်များရောက်ရှိ

ဗီယင်နာ ဩဂုတ် ၂၉

ကုလသမဂ္ဂ၏ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကျိုတိုသဘောတူညီမှု ကျယ်ပြန့်ထိရောက်ရေးဆွေးနွေးရန် နိုင်ငံပေါင်း ၁၅၀ မှ ကိုယ်စားလှယ်များ ဗီယင်နာမြို့တွင် စုရုံးရောက်ရှိနေကြသည်။

ဖော်ဆောင်

ဗီယင်နာအစည်းအဝေးက တာဝန်ခံကတိပေးထားသည့် နိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှု ထိန်းသိမ်းရေးတွင် မည်မျှတိုးတက်အောင်မြင်စွာ ဖော်ဆောင်လုပ်ကိုင်သည်ကို ပြသမည်ဖြစ်ကြောင်း ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်တန်းအရာရှိ ဗိုဒီဘိုးဝါးက ပြောကြားသည်။

ရှုမြင်နိုင်

ထို့ပြင် ရာသီဥတုပြောင်းလဲမှု ထိန်းသိမ်းရေးတွင် အများပြည်သူ အဖွဲ့များနှင့် အခြားအဖွဲ့အစည်းများ၊ အစိုးရများအနေဖြင့် အရှိန်တိုးမြှင့်ဆောင်ရွက်ရေးအတွက် ဗီယင်နာ အစည်းအဝေးက ဆော်ဩသွားမည်ဖြစ်ကြောင်း၊ ဘာလီ၌ ဒီဇင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်သည့် ရှေ့တစ်လှမ်းတိုးသော ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်နိုင်မည်ဖြစ်ကြောင်း ဘိုးဝါးက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မဟာစန္ဒာရုံ ဝိပဿနာ ဓမ္မရိပ်သာသို့ လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း အမှတ် ၈၂ နတ်မောက်လမ်း ဗဟန်းမြို့နယ်ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ အဆောင်မှူး ဆရာတော်ဘဒ္ဒန္တပညာလင်္ကာရ တည်ထောင်ဆောက်လုပ်လျက်ရှိသော အမှတ် ၃ လမ်းမကြီးနှင့် ရွှေညောင်ပင်လမ်းဆုံအနီး ကုန်းတလပေါင် မင်္ဂလာဒုံမြို့နယ် မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာအတွင်း လိုအပ်လျက်ရှိသော နှစ်ထပ် သိမ်တော်ငွေကျပ် ၂၁၆ သိန်း၊ နှစ်ထပ် သံဃာတော်ဆောင်ငွေကျပ်သိန်း ၃၆၀၊ ဓမ္မာရုံတော်ငွေကျပ် ၁၁၅၂ သိန်း ခန့်မှန်းခြေဖြင့် ဆောက်လုပ်မည် ဖြစ်သည်။ အလှူရှင်များသည် ဆရာတော် ဖုန်း ၀၉-၅၁-၂၅၄၅၃၊ ဦးစန္ဒသီရိ (ရေကြည်) ဖုန်း-၀၉-၅၁-၈၁၇၅၇နှင့် ဦးလှသန်း (ရေသန့်) ဖုန်း-၅၄၁၉၁၆၊ ၀၉-၅၁-၉၄၀၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၃၀-၈-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၅၀	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၂၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၂၁)

အမှတ် ၁၅ အနောက်ရွှေဂုံတိုင် ၄လမ်း ဗဟန်းမြို့နယ်နေ ဒေါ်တင်တင်အေး(ရုပ်ရှင်)က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)ဦးသန်းအောင်ကလက်ခံယူစဉ်။ (က-ပ)

✱ **ရှေ့ဖုံးမှ**

ပြန်လည်လိုက်ပါ

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ရန်ကုန်ဗုဒ္ဓတက္ကသိုလ် စာအောင်ဆုနှင်းသဘင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ရှိ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၏ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါတက္ကသိုလ်ရှိ ရွှေညဝါပညာ့ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ လှိုင်မြို့နယ်မှ ဒေါ်ညွှန့်ရီမိသားစုတို့က သံဃာတော်အပါး ၅၀၀ တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ရွှေညဝါ ဒါယကာ ဒါယိကာမတို့က ငွေကျပ် ၁၀ သိန်းဖိုးရှိ စာအောင်ဆုများကို ဆက်ကပ်လှူဒါန်း၍မဖျိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒက အနုမောဒနာ တရားတော်ကို ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

တိပိဋကဓရ အရှင်သီလက္ခန္ဓာဘိဝံသတရားပွဲ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဝါခေါင်လပြည့်ကျော် ၈ ရက် (စက်တင်ဘာ ၅ ရက်) မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) နိကာယ်စာသင်တိုက်ကြီး၏ ပဓာန နာယကဆွေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး တပည့်ဒါယကာ ဒါယိကာမများက ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် စသည့်လှူဖွယ်ပစ္စည်းများ လှူဒါန်းမည်ဖြစ်သည်။

(က–ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တပ်မတော် ပြေးခုန်ပစ်အဖွဲ့အား ကြိုဆို၊ အားပေးစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စင်ကာပူတပ်မတော်၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ၌ ဩဂုတ် ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် ၂၀၀၇ခုနှစ် စင်ကာပူတပ်မတော် မာရသွန်တစ်ဝက်အပြေးပြိုင်ပွဲ (Singapore Army Half Marathon 2007)၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့ဝင်များအား ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် အားပေးစကား ပြောကြားသည်။ (အပေါ်ပုံ)

ကြိုဆိုနှုတ်ဆက်

မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့သည် ညနေ ၄နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ လေဆိပ်အဆောက်အအုံအဝင်ဝမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ရန်ကုန်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့မှ တပ်မတော် အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပြေးခုန်ပစ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မှုနှင့် ဆုရရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စဉ်ဆက်မပြတ်လေ့ကျင့်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တစ်နှစ်ထက်တစ်နှစ် စံချိန်သစ်များတင်ပြီး နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ကို ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားဆောင်ရွက်ရန်၊ စံချိန်သစ်များ ရရှိရန်အတွက် စဉ်ဆက်မပြတ် လေ့ကျင့်မှုများ ပြုလုပ်သွားကြရန် စသည်တို့နှင့် စပ်လျဉ်း၍ အားပေးစကားပြောကြားသည်။

မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ ပြေးခုန်ပစ်အားကစားသမားများအဖြစ် တပ်ကြပ်ကြီး ခင်မောင်သန်း၊ တပ်ကြပ်ကြီးမြတ်စုအောင်၊ တပ်ကြပ်ဂျိုးဇက်၊ ဒုတိယတပ်ကြပ် စိုးနိုင်၊ တပ်သားကြည်မင်းစိုး၊ စန်းမြင့်ထွန်းနှင့် ဆန်းမိုးတို့ ပါဝင်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဘရူနိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများ ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံက နိုင်ငံအလိုက် စတုတ္ထဆုရရှိသည်။

အလွတ်တန်း မာရသွန်အပြေးပြိုင်ပွဲတွင် အားကစားသမား ၁၂၀၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးနောက် အဆင့် ၂၀အထိ ဆုတံဆိပ်နှင့် ဆုငွေများချီးမြှင့်ခဲ့ရာ တပ်ကြပ်ကြီး မြတ်စုအောင်က အဆင့် ၁၂၊ တပ်ကြပ်ကြီးခင်မောင်သန်းက အဆင့် ၁၄၊ တပ်ကြပ်ဂျိုးဇက်က အဆင့် ၁၇နှင့် ဒုတိယတပ်ကြပ်စိုးနိုင်က အဆင့် ၂၀ အသီးသီး ရရှိခဲ့ကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီစည်းဝေး ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၉

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၈ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်၊ တွဲဖက်အတွင်းရေးမှူးများနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

တက်ညီလက်ညီထမ်းဆောင်

ရှေးဦးစွာ သဘာပတိအမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသည် နောက်ဆုံးအကြိမ်ကျင်းပသည့် အမျိုးသားညီလာခံဖြစ်ပြီး မကြာမီ အောင်အောင်မြင်မြင် ကျင်းပပြီးစီးတော့မည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့်ပေးအပ်သည့်လုပ်ငန်းတာဝန်များကို တက်ညီလက်ညီ ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ကြသဖြင့် မိမိအနေဖြင့် များစွာ ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

လုပ်ငန်းကော်မတီ အနေဖြင့် ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် လုပ်ငန်းအချို့ကို ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်က ပေးအပ်လာမည့် လုပ်ငန်းတာဝန်များ ရှိလာလျှင်လည်း ယခုကဲ့သို့ ကျေပွန်စွာ ထမ်းဆောင်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ဖြည့်စွက်ဆွေးနွေး

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွှန့်တို့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကျေပွန်စွာ တာဝန်ယူဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များက မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျေးလက်စီးပွား ပြည်သူ့အား စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၉



ဒေါက်တာချစ် B.Sc (Ag)., Ph.D (Ag.Sc) ၏ "ကျေးလက်စီးပွား ပြည်သူ့အား"ဟူသည့်စာအုပ်ကို သစ္စာစာပေနှင့် ပုံနှိပ်လုပ်ငန်းက ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ထိုစာအုပ်တွင် သီးနှံစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် အိမ်တွင်းမှုလုပ်ငန်းဟူ၍ အခန်း(၃)ခန်းပါရှိကာ စာရေးသူ၏ ပြည်တွင်း၊ပြည်ပ အတွေ့အကြုံများကို အခြေခံရေးသားထားကြောင်း၊ ကျေးလက်နေပြည်သူများ အားလုံး သိရှိ၊ လိုက်နာလုပ်ဆောင်ကြခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်းနှင့် ကျေးလက်စာဖတ်ဝိုင်းများ၊ ကျေးရွာစာကြည့်တိုက်များအတွက် အထူးသင့်တော်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။

စာအုပ်များကို သစ္စာစာပေနှင့် ပုံနှိပ်လုပ်ငန်း ၃၄ လမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၃၇၃၃၁၉ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်

● ကျောဖုံးမှ

၂။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက် ထမ်းဆောင်လျက်ရှိသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) (၁) ပထမအကြိမ်ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

(၂) ကတိသစ္စာ မပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) (၁) ပထမအကြိမ် ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

(၂) ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

၄။ (က) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ။

(ခ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂လထက် မပိုစေရ။

၅။ (က) ပြည်သူ့လွှတ်တော် အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်း တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်း မေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

(ခ) အမျိုးသားလွှတ်တော် အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်း တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်း မေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၇။ (က) (၁) ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ ‘အနိုင်မဲ’ပေးရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ ‘အနိုင်မဲ’ပေးရမည်။

၈။ (က) (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်သူ့လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း၁၅ရက် တစ်ဆက်တည်းပျက်ကွက်ကြောင်း ပြည်ထောင်စု လွှတ်တော် နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် ပြည်သူ့လွှတ်တော်က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် အမျိုးသားလွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုအမျိုးသား လွှတ်တော် ကိုယ်စားလှယ်၏နေရာ လစ်လပ်သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသားလွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း၁၅ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ အကြောင်းကြားချက် ရရှိလျှင် အမျိုးသား လွှတ်တော်က ယင်းလွှတ်တော်ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

၉။ (က) ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်

စာမျက်နှာ ၅ ကော်လံ ၁ သို့

မြန်မာ့ရုပ်မြင်သံကြား

၃၀–၈–၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၁၅ ၈။ အကပဒေသာ
၈:၂၅ ၉။ ငါ့သရောက်ရေလျှောင်တမံ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) [အရှေ့တိုင်းပညာ]
၁၆:၄၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၆:၅၅ ၅။ တေးဂီတအစီအစဉ်
၁၇:၀၅ ၆။ **စပါးကရွှေ ငါးကငွေ** ညီဂျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီဦး (ဒါရိုက်တာ–နိုင်း)
၁၇:၁၅ ၇။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် ပထမတန်းအဆင့်](အမျိုးသမီး)
၁၇:၂၅ ၈။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ပြဇာတ်ပြိုင်ပွဲ ဆွေးနွေးခန်း) [အပိုင်း–၂]
၁၇:၄၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ ဆောင်းပါးရှင်ဗညားအောင်၏ **“ကျန်ရစ်ခဲ့မှာကို စိုးရိမ်ပါသည်”**
၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း–၁၆)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း–၁၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၈–၂၀၀၇

(ကြာသပတေးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ နားလည်လေလေ ကြည်ညိုလေ တရားတော် အပိုင်း(၁) (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်)
၇:၅၅ မေတ္တာပန်းတို့လန်းဆန်းရာဟသာ်တ မေတ္တာဝါဒီပရဟိတဂေဟာ
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ ပြည်တွင်း အနုပညာရေးရာ
၈:၄၅ တေးဂီတအစီအစဉ်
၈:၅၀ ဂုဏ်ယူစရာလက်မှုအတတ်ပညာ
၉:၀၀ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (စက်ဝိုင်းပုံပန်းထိုးနည်း၊ ပန်းအိုးအကြီး)
၉:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅ လန်းဆန်းတက်ကြွလူငယ်ဘဝ
၉:၅၅ မိုးလေဝသခန့်မှန်းချက်
၁၀:၀၀ ကျေးဇူးတင်ပါတယ်၊ ဒီအိုတီအက်စ် (ဇာတ်လမ်းတို) လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်၊ ဒါရိုက်တာ–စိုးကျော်ဆန်း
၁၀:၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ သီးနှံစိုက်ပျိုးအထွက်တိုး “စပါး ပန်းတိုင်အထွက်နှုန်း”
၁၀:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀ သင်ယူလေ့လာဂီတပညာ (ဂီတာအခြေခံတီးခတ်နည်း) ကိုစိုင်း (အပိုင်း–၄)
၁၁:၂၀ Activities in the City
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်းနာ သီတာဝင်းနှင့်တွေ့ဆုံခြင်း)
၁၂:၀၀ တေးဂီတအစီအစဉ်
၁၂:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အိပ်မက်စေညွန်းရာ)
၁၂:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ စိုပြည်စိမ်းလန်းတောင်ကုန်းထက်မှ ခရီးသွားစခန်း
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီ အထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက်၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

30-8 (04) 7 8/30/07, 2:24 AM

စာမျက်နှာ ၄ မှ

ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ၊

(ခ) အမျိုးသားလွှတ်တော်သည် လွှတ်တော် ကိုယ်စားလှယ်နေရာ အချို့လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲ ပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင် ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၀။ (က) ပြည်သူ့လွှတ်တော်၏ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ် ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ၊

(ခ) အမျိုးသားလွှတ်တော်၏ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက် အရဖြစ်စေ တားမြစ်ထားသည့်ဆောင်ရွက်ချက်များနှင့် မှတ်တမ်း များကို ထုတ်ပြန်ခြင်းမပြုရ။

၁၁။ (က) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ် ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ် များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းစတင်တင်သွင်းခွင့်ရှိသည်၊

(ခ) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရ မည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့်ကိစ္စရပ်များမှ အပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းစတင်တင်သွင်းခွင့်ရှိသည်။

၁၂။ (က) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်း သည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော် ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ် များထံ ဖြန့်ဝေတင်ပြရမည်၊

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့ လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်၊

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ် ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်း သည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော် ဥက္ကဋ္ဌကခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ် များထံ ဖြန့်ဝေတင်ပြရမည်၊

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသား လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်၊

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ် ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

၁၃။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်း များကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် ပြည်သူ့လွှတ်တော် တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟုမှတ်ယူ၍ ပြည်သူ့ လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ပါရှိသောကိစ္စရပ်များအနက် ပြည်ထောင်စု လွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေး ဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသောဥပဒေကြမ်း များကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော် တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟုမှတ်ယူ၍ အမျိုးသား လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် ပြည် ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ် ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်း ထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသားလွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက် ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်။

၁၄။ (က) (၁) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမျိုးသား လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက် များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေ ကြမ်းကို ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်၊

(၂) ပြည်သူ့လွှတ်တော်ကပေးပို့ခဲ့သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်၏ ပြင်ဆင် ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်နာယကထံ ပေးပို့ရမည်၊

(၃) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ် ရယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့ လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက် များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေ ကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်၊

(၂) အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင် ချက်ကို လက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်နာယကထံ ပေးပို့ရမည်၊

(၃) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘော ကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သည်–

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်၊

(၂) ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့ များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက် သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေး ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသား လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိ အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်၊

(၂) အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့ များ၏ အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ခွင့်ပြုချက်ဖြင့် တက်ရောက်သည့် အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၁၆။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(၁) ပြည်သူ့လွှတ်တော်အစည်းအဝေးများကိုကြီးကြပ်ကွပ်ကဲရမည်၊

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြား လျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်၊

(၃) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့ အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြား ခွင့်ရှိသည်၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော် လည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရသော် လည်းကောင်း သတ်မှတ်ထားသည့် အခြား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင် လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

စာမျက်နှာ ၅ မှ

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(၁) အမျိုးသားလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်၊

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်၊

(၃) အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၁၇။ (က) (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့် (၂)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် ပြည်သူ့လွှတ်တော်၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရ လည်းကောင်း အရေးယူခြင်းခံရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသား လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် အမျိုးသားလွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

၁၈။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကို ဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ၊

(၂) ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အကြီးအကဲမှ တစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ၊

(၃) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ သို့မဟုတ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့ အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေး တက်ရောက်နေသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို ဖြစ်စေ၊ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကို ဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ၊

(၂) အမျိုးသားလွှတ်တော် ကော်မတီ တစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင် တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အကြီးအကဲမှတစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ၊

(၃) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၁၉။ (က) ပြည်သူ့လွှတ်တော်ကသော် လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ၊

(ခ) အမျိုးသားလွှတ်တော်ကသော် လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော် သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျ သဘာပတိအဖွဲ့ဝင် အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၉

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြား တင်ပြကြရာ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလုပ်ညှိကျသဘာပတိအဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့် ဖတ်ကြားတင်ပြသည့် 'ဥပဒေပြုရေးအခန်း'တွင် ပါဝင်သော လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့် မူများမှာ အောက်ပါအတိုင်းဖြစ်သည်–

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်

၁။ (က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့် နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်။

၂။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ်ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်၊

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် (၁၂)လထက် မပိုစေရ။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ အရေးပေါ် အစည်းအဝေးကို ဖြစ်စေ ကျင်းပရန် လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

30-8 (06) 11 8/30/07, 2:24 AM

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်

စာမျက်နှာ ၆ မှ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တစ်ရပ်၏ ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထ မမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယ ဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့်၊ ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ 'အနိုင်မဲ' ပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသ အတွက်သော် လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကိုအပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်၊

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း(၉၀)အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်၊

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသောအမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

၁၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်၊

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရ စီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ သုံးငွေလျာထားချက်"ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော် အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်၊

(င) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြား တာဝန်နှင့် လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော် ကော်မတီနှင့် အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်း တို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်းမဆန့်ကျင်လျှင်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရ လည်းကောင်း အရေးယူခြင်းခံရမည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***

ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့သို့ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝပ်ခရမ်မာနာရာကာ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဩဂုတ်၂၇ရက် နံနက် ၉နာရီခွဲတွင် နေပြည်တော်မှ Air Bagan အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့ ဘန်ဒါရာနိုက်ကေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲတွင် ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. M.M. Jafeer တို့က လေယာဉ်ပေါ်သို့တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ကိုလံဘိုမြို့ရှိ ဘန်ဒါရာနိုက်ကေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဟီသာဘိုဂိုလာဂါမာနှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး Hon. Mahinda Yapa Abeywardena နှင့် ဇနီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာမာရာဆီကာရာနှင့် အဆင့်မြင့်အရာရှိကြီးများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုပန်းစည်းပေး

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့အား သီရိလင်္ကာကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းကုံးနှင့် ပန်းစည်းတို့ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု နှုတ်ဆက်ကြသည်။

မှတ်တမ်းစာအုပ်လက်မှတ်ရေးထိုး

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လေဆိပ်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သီရိလင်္ကာ Kandyan အဆိုအကအဖွဲ့ ခြံရံလိုက်ပါလျက် လေဆိပ်အထူးဧည့်ခန်းမသို့ ရောက်ရှိကြပြီး ခေတ္တရပ်နားကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထိုသို့ခေတ္တရပ်နားစဉ် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာနှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mahinda Yapa Abeywardena နှင့် ဇနီးတို့နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှုတ်ဆက်စကား ပြောကြသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် ဇနီးတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာကြကာ ကိုလံဘိုမြို့ရှိ ခေတ္တတည်းခိုမည့် Trans Asia ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mahinda Yapa Abeywardena တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာနှင့် အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဟီသာဘိုဂိုလာဂါမာ၊ Hon. Maithripala Sirisena, Minister of Agriculture Development and Agrarian Services၊ Hon. Bandula Gunawardene, Minister of Trade, Marketing Development, Cooperative and Consumer Services၊ Hon. Chamal Rajapaksa, Minister of Irrigation & Water Management၊ Hon. Dullas Alahapperuma, Minister of Transport၊ Hon. Pandu Bandaranaike, Minister of Religious Affairs၊ Hon. Champika Ranawaka, Minister of Environment and Natural Resources၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာမာရာဆီကာရာနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထို့နောက် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာသီရိဝပ်ခရမ်မာနာရာကာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ဆက်လက် ဆွေးနွေးပြောကြားရာတွင် မြန်မာနှင့်သီရိလင်္ကာနိုင်ငံတို့အကြား ယဉ်ကျေးမှု အရ ဆက်ဆံမှုများမှာ ရှေးယခင်ကတည်းက ရှိခဲ့ပြီးဖြစ်ရာ ရှိပြီး ရင်းနှီးချစ်ကြည်မှုကို ပိုမိုခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်ရမှာဖြစ်ကြောင်း။

တိုးတက်လာ

မိမိ၏ မြန်မာနိုင်ငံ ခရီးစဉ်အပြီး မြန်မာနိုင်ငံခြားရေးဝန်ကြီး သီရိလင်္ကာနိုင်ငံသို့ လာရောက်ခဲ့ပြီး၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း၊ အပြန်အလှန် သွားလာလည်ပတ်မှုများ တိုးတက်လာခဲ့ပါကြောင်း။

ပူးတွဲကော်မရှင်

ဎင်းခရီးစဉ်များအတွင်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးများမြှင့်တင်နိုင်ရန်အတွက် ပူးတွဲကော်မရှင်အား ပြန်လည်အသက်သွင်းရေးကိစ္စ၊ ဗုဒ္ဓဘာသာမြှင့်တင်ရေးအတွက် ဆက်သွယ်မှုများ တိုးချဲ့ဆောင်ရွက်ရန်၊ ဗုဒ္ဓစာပေလေ့လာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ ထို့အပြင် နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများကိုလည်း ယခုခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်မည်ဖြစ်၍ ဝမ်းမြောက်မိကြောင်း။

မိမိတို့ မေတ္တာရပ်ခံချက်နှင့် အညီ စွယ်တော်ပင့်ဆောင်ရာတွင် အသုံးပြုရန်အတွက် စွယ်စုံဆင်နှစ်စီးကို မြန်မာနိုင်ငံအစိုးရမှ ဖြစ်မြောက်အောင် လှူဒါန်းခဲ့ခြင်းအတွက် သီရိလင်္ကာအစိုးရနှင့် ပြည်သူလူထု ကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကိုယ်ပိုင်နည်းလမ်း

မိမိတို့နိုင်ငံသည် ပြည်တွင်းရေးအခက်အခဲပြဿနာအချို့ကို ရင်ဆိုင်နေရပါကြောင်း၊ ယင်းပြဿနာကို မိမိတို့ကိုယ်ပိုင် နည်းလမ်းဖြင့် ဖြေရှင်းရန် ရှိပါကြောင်း၊ ဖြေရှင်းရာတွင်လည်း လူသားဆန်သည့် နည်းလမ်းဖြင့် ဖြေရှင်း သွားမည်ဖြစ်ကြောင်း၊ အချို့နိုင်ငံတို့က မိမိတို့ နိုင်ငံအပေါ် လူ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ထောက်လှမ်းရေးသတင်း အပြန်အလှန် ဖလှယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာတို့ လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား သီရိလင်္ကာဝန်ကြီးချုပ် မစ္စတာရတနာသီရိဝပ်ခရမ်မာနာရာကာ ဂုဏ်ပြုညစာတည်ခင်း

ဂုဏ်ပြုညစာတည်ခင်း

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာက ကိုလံဘိုမြို့ရှိ Taj Samudraဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာက ဩဂုတ်၂၇ရက် ညနေ၇နာရီတွင် ကိုလံဘိုမြို့ရှိ Taj Samudra ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လုပ်ငန်းရှင်များ တက်ရောက်ကြပြီး သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ် ခရမ်မာနာရာကာနှင့် ဇနီးတို့နှင့်အတူ Minister of Foreign Affairs၊ Minister of Agriculture Development and Agrarian Services၊ Minister of Trade, Marketing Development, Coperactive and Comsumer Services၊ Minister of Irrigation & Water Management၊ Minister of Transport၊ Minister of Religious Affairs၊ Minister of Environment and Natural Resources နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာမာရာ ဆီကာရာနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ဖြင့် ဖွင့်လှစ်ရာ ညစာစားပွဲသို့ တက်ရောက်လာကြသူများက မတ်တပ်ရပ်၍ အရိုအသေပေးကြသည်။

ဆုမွန်ကောင်းတောင်း

ထို့နောက် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝပ်ခရမ်မာနာရာကာက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရေး အစွန့်ရှည်ခိုင်မြဲရေးအတွက် ဆုမွန်ကောင်း တောင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြန်လည်နှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဆုမွန်ကောင်းတောင်းပေးသည်။

ညစာသုံးဆောင်

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း သီရိလင်္ကာရိုးရာ အဆို၊ အက၊ အတီး၊ အမှုတ်များဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ခေတ္တဝန်ကြီးချုပ်နှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး၊ အဖွဲ့ဝင်များနှင့်သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာ သီရိဝပ်ခရမ်မာနာရာကာနှင့် ဇနီး၊ အဖွဲ့ဝင်များ ကိုလံဘိုမြို့ရှိ Taj Samudra ဟိုတယ်၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် သီရိလင်္ကာရိုးရာ အဆို၊ အက၊ အတီး၊ အမှုတ်များဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အခွင့်အရေး ချိုးဖောက်သည်ဟူသော စွပ်စွဲမှုများ မကြာခဏ ပြုလုပ်ကြကြောင်း၊ မည်သည့်နိုင်ငံမဆို အခြားသောနိုင်ငံတစ်ခုအပေါ် လူ့အခွင့်အရေးကိစ္စ၊ အကြမ်းဖက်မှုနှိမ်နင်းရေးကိစ္စတို့ကို အကြောင်းပြ၍ နိုင်ငံရေးအမြတ်ထုတ် အသုံးချခြင်းမျိုး မပြုလုပ်သင့်ဟု မိမိတို့ ခံယူထားကြောင်း။

ပူးတွဲလုပ်ဆောင်

မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံလုံး အကျိုးရှိအောင် ပူးတွဲလုပ်ဆောင်နိုင်မည့် ကဏ္ဍများမှာ ကုန်သွယ်ရေး၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ သစ်တောနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများ ဖြစ်ပါကြောင်း။

မိမိတို့ နှစ်နိုင်ငံအကြားတွင် တူညီသည့်အချက် များစွာ ရှိပါကြောင်း၊ ပြည်တွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လည်းကောင်း၊ ပြဿနာရပ်များကို ဖြေရှင်းရာတွင်လည်းကောင်း ဗုဒ္ဓ၏တရားတော် အဆုံးအမ လမ်းညွှန်မှုများနှင့် အညီ လိုက်နာကျင့်သုံးပါက အခက်အခဲမရှိ အောင်မြင်မှုများရရှိမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်ရေး

ဆွေးနွေးပွဲ၌ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပဏာမနှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားပြီး နောက်ဆက်လက်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် နိုင်ငံတော်၏ဖြစ်ပေါ်တိုးတက်မှုများကိုလည်းကောင်း၊စည်းကမ်းပြည့်ဝသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးအကြီးဆုံး အခြေခံအချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကျင်းပဆောင်ရွက်နေမှုများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံမှ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးရေး စီမံကိန်းလျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်တွင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် (၁၅)နှစ် စီမံကိန်းဖြင့် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်အတူတကွ လက်တွဲဆောင်ရွက်နေမှုများ၊ မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပတ်သက်ပြီး ၂၀၀၉ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်သွယ်ထူထောင်မှု နှစ်(၆၀)ပြည့်အခမ်းအနားကျင်းပရေး၊ နှစ်နိုင်ငံကြား ပူးတွဲကော်မရှင်ဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိမိတို့နှစ်နိုင်ငံသည် ဒေသဆိုင်ရာနယ်ပယ်၌ဖြစ်စေ၊ နိုင်ငံတကာနယ်ပယ်၌ဖြစ်စေ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်နားလည်ထောက်ခံမှုပြုရေး၊ နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မှုအခွင့်အလမ်းသစ်များရှာဖွေဖော်ထုတ်တိုးမြှင့်ဆောင်ရွက်သွားရေးများနှင့် စပ်လျဉ်း၍ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် သီရိလင်္ကာ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ကုန်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေး ကဏ္ဍများတွင်လည်းကောင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင်လည်းကောင်း တိုးချဲ့ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ဗုဒ္ဓစာပေလေ့လာမှုပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များတိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ပတ်သက်ပြီး ယနေ့ပင် သက်ဆိုင်ရာ နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံလက်မှတ်ရေးထိုးနိုင်တော့မှာဖြစ်ကြောင်း။

သီရိလင်္ကာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံပြီး တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်နေသည်ကို မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်းပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ညနေ ၄နာရီတွင် ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာရတနာသီရိဝပ်ခရမ်မာနာရာကာနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာချွန်လွှာလဲလှယ်

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့အကြား ထောက်လှမ်းရေးသတင်း အပြန်အလှန်ဖလှယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ (Memorandum of Understanding between the Union of Myanmar and the Ministry of Defence of the Democratic Socialist Republic of Sri Lanka on Intelligence Exchange Co-operation) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာတို့သည် လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာကို လဲလှယ်ကြသည်။

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနတို့၏ ဗုဒ္ဓဘာသာစာပေလေ့လာရေးပူးပေါင်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး Hon. Pandu Bandaranaike တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးဆိုင်ရာ သဘောတူစာချုပ်(Agreement on Cultural Cooperation between the Government of the Democratic Socialist Republic of Sri Lanka and the Government of the Union of Myanmar)ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mahinda Yapa Abeywardena တို့သည် လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို လဲလှယ်ကြသည်။

ဗုဒ္ဓစာပေလေ့လာရေး

ထို့နောက် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရ၊ သာသနာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာနတို့၏ ဗုဒ္ဓဘာသာစာပေလေ့လာရေး ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Cooperation in Buddhist Studies between Ministry of Religious Affairs, Government of the Union of Myanmar and Ministry of Religious Affairs, Government of the Democratic Socialist Republic of Sri Lanka) ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး (Hon. Pandu Bandaranaike)တို့သည် လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာကို လဲလှယ်ကြသည်။

ယင်းနောက် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝပ်ခရမ်မာနာရာကာတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့အကျိုးသယ်ပိုးဆောင်ကြဉ်းပေးနေသောမြန်မာ့မီးရထား

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - မြန်မာ့မီးရထား

ရန်ကုန် ဩဂုတ် ၂၉

ခရီးသွားလာရာတွင် ငွေကုန်ကြေးကျသက်သာမှု၊ လုံခြုံမှုနှင့် အဆင်ပြေမှုအရှိဆုံးမှာ မီးရထားဖြင့် ခရီးသွားခြင်းပင်ဖြစ်သည်။ ခရီးသည်များအတွက် သက်သောင့်သက်သာရှိပြီး ဘေးအန္တရာယ်ကင်းရှင်းမှုများကြောင့် ခေတ်အဆက်ဆက်တွင် ခရီးသွားပြည်သူများ မီးရထားကို အားကိုးစီးနင်းခဲ့ကြသည်။

၂၀၀၇ခုနှစ် ဧပြီ ၂၁ရက်က ဖွင့်လှစ်ခဲ့သော ဒိုက်ဦး–စစ်တောင်းလမ်းပိုင်း ရထားစတင်ပြေးဆွဲသည့် အခမ်းအနားကို ဤသို့ ကျင်းပခဲ့သည်။
(ဓာတ်ပုံ–မြန်မာ့မီးရထား)

ပြုပြင်ထိန်းသိမ်း

ထိုသို့ ခရီးသွား ပြည်သူများ စိတ်ချမ်းမြေ့စွာ စီးနင်းသွားလာနိုင်ရန် အတွက် မြန်မာ့မီးရထားသည် နှစ်စဉ် မီးရထားလမ်းပိုင်းများ အသစ်ဖောက်လုပ်ခြင်း၊ မီးရထားခရီးစဉ်များအသစ်ပြေးဆွဲခြင်း၊ မီးရထားများဖြတ်သန်းမောင်းနှင်ရန် တံတားများတည်ဆောက်ခြင်းနှင့် မီးရထားစက်ခေါင်းများ၊ တွဲများနှင့် မီးရထားလမ်းများ ရေရှည်ကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းမှုများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

တိုးချဲ့တည်ဆောက်

မြန်မာ့မီးရထားအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ၁၉၈၈ခုနှစ်မတိုင်မီ လူစီးရထား ၂၂၉စင်းနှင့် ကုန်တင်ရထား၁၇စင်းသာ ပြေးဆွဲနိုင်ခဲ့ရာမှ ယခုအခါ လူစီးရထား ၃၇၉စင်းနှင့် ကုန်ရထား ၁၈စင်းအထိ တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။ ထို့အတူ ၁၉၈၈ခုနှစ်မတိုင်မီ ဘူတာရုံပေါင်း၄၈၇ရုံသာ ရှိခဲ့ရာမှ ယခုအခါ ဘူတာရုံပေါင်း ၈၀၅ ရုံအထိ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ထပ်မံဖောက်လုပ်

ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်း ၁၉၈၈ခုနှစ်မတိုင်မီ ရထားလမ်းခရီးမိုင် ၁၉၇၆ဒသမ၃၅မိုင်နှင့် သံလမ်းမိုင် ၂၇၉၃ဒသမ၈၆မိုင်သာရှိခဲ့ရာမှ ယခုအခါ ရထားလမ်းသစ်ခရီးမိုင် ၁၁၆၈ ဒသမ၂၁မိုင်နှင့် သံလမ်းမိုင် ၁၂၉၉ ဒသမ၄၃မိုင်ကို အသစ်ထပ်မံဖောက်လုပ်နိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ယခုအခါ မြန်မာ့မီးရထား၏ လမ်းခရီးမိုင်အရှည်သည် စုစုပေါင်း ၃၁၄၄ဒသမ၅၆မိုင်ရှိပြီး သံလမ်းမိုင် ၄၀၉၃ ဒသမ ၂၉မိုင်အထိ ရှိနေပြီဖြစ်သည်။

အထောက်အကူပြု

ခရီးသွားပြည်သူများအနေဖြင့် တစ်နိုင်ငံလုံး နေရာအနှံ့ မီးရထားဖြင့် လွယ်ကူစွာ ခရီးသွားနိုင်ရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိုအထောက်အကူပြုနိုင်ရေးတို့အတွက် ရထားလမ်းပိုင်းအသစ်များကို ဖောက်လုပ်ခဲ့ရာတွင် ၁၉၉၂ခုနှစ် မေလ ၈ရက်မှစပြီး အရှည်၁၆၉ဒသမ ၅၈မိုင်ရှိသည့် ရွှေညောင်–နမ့်စန်ရထားလမ်းသစ်ကိုဖောက်လုပ်ခဲ့သည်။

ဆိုက်ခေါင်–နမ့်စန် ရထားလမ်းပိုင်းဖွင့်ပွဲ၌ တိုင်းရင်းသူ ခရီးသည်များ ဤသို့ စိတ်ချမ်းမြေ့စွာ စီးနင်းလိုက်ပါလာကြသည်။
(ဓာတ်ပုံ–မြန်မာ့မီးရထား)

စေတနာ

ထိုရထားလမ်းပိုင်း အသစ်ကို ဖောက်လုပ်ခဲ့ရာတွင် တောတောင်ထူထပ်ပြီး နက်ရှိုင်းသော လျှိုမြောင်များ၊ မြင့်မားသော တောင်တန်းကြီးများကို ဖြတ်သန်းဖောက်လုပ်ခဲ့ရသည့် အတွက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ သို့ရာတွင် တပ်မတော်သားများ၊ ဒေသခံများနှင့် မြန်မာ့မီးရထား ဝန်ထမ်းများက စေတနာရှေ့ထားပြီး မဆုတ်မနစ် ကြိုးစားဖောက်လုပ်ခဲ့သဖြင့် အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ကဏ္ဍာစုံ

ထို့အတူ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ် အနောက်ခြမ်းဒေသများ စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် နိုင်ငံတော်က ကဏ္ဍာစုံမှနေ၍ ကြိုးစားဆောင်ရွက်ရာတွင် မြန်မာ့မီးရထားသည် ရထားလမ်းခရီးမိုင် ၂၇၇ ဒသမ ၃၄မိုင်ရှိသည့် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းပိုင်းသစ်ကို ဖောက်လုပ်ပေးနိုင်ခဲ့သည်။

တိုးလျှိုပေါက်

ထို့အပြင် ရေမျက်နီနှင့် ကျော အကြား ရထားလမ်းခရီးမိုင် ၂၆မိုင်ရှိသည့် မီးရထားလမ်းပိုင်းကိုဆက်လက်ဖောက်လုပ်ခဲ့သည်။ ထိုသို့ ဖောက်လုပ်ရာတွင် ရေမျက်နီနှင့်ပုံညာတောင်ဥမင် စီမံကိန်းကို ၂၀၀၀ပြည့်နှစ် ဧပြီလ ၃၀ရက်၌ စတင်ကာ ဥမင်ကို အရှေ့ဘက်နှင့်အနောက်ဘက်တို့မှ တစ်ပြိုင်နက်တည်းဖောက်လုပ်ခဲ့ရာ ၂၀၀၃ခုနှစ် မေလ ၁၃ရက်တွင် အရှည် ၅၆၁၀ပေ ရှိသော ဥမင်တစ်ဖက်နှင့်တစ်ဖက် ဆက်စပ်မိပြီး တိုးလျှိုပေါက်ဆက်စပ်နိုင်ခဲ့သည်။

အောင်မြင်စွာကျင်းပ

ထိုပုံညာတောင်ဥမင် စီမံကိန်းကို တည်ဆောက်ဖောက်လုပ်ခဲ့ရာတွင် ပထဝီအနေအထားနှင့်မြေလွှာအမျိုးအစားအရ တည်ဆောက်ဖောက်လုပ်မှုများနှင့် ခက်ခဲစွာချိန်ဆဆောင်ရွက်ခဲ့ရသည်။ ဥမင်အတွင်းပိုင်း နံရံများနှင့် ဥမင်အမိုးပိုင်းတို့ကို သတ်မှတ်အတိုင်းအတာအထိ ချဲ့ထွင်ခြင်း၊ နံရံနှင့်အမိုးပိုင်းတို့အား သံချည်သံကွေးပြုလုပ်ပြီး ကွန်ကရစ်လောင်းခြင်း၊ ရေထွက်ပေါက်ပြုလုပ်ခြင်း၊ လေဝင်လေထွက်လုံလောက်စေရန် စီမံဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်း လုပ်ငန်းများကို အချိန်ယူ၍ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၇ရက်နေ့တွင် ရေမျက်နီ–ကျောလမ်းပိုင်းနှင့် ပုံညာတောင်ဥမင်ဖွင့်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ပြည်သူ့အကျိုးပြု

ထိုသို့ မီးရထားလမ်းများကို အန္တရာယ်များစွာ ခက်ခဲပင်ပန်းစွာ နေ့ညမအား ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည့် မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများ၏ ကြိုးစားမှုများကို မှတ်တမ်းတင်ရမည်သာဖြစ်သည်။ တောတောင်ကိုဖြတ်သန်းကာ မီးရထားလမ်းဖောက်လုပ်ရသည်မှာ လွယ်ကူသော လုပ်ငန်းမဟုတ်ပါချေ။ အဖိုးမဖြတ်နိုင်သော ပြည်သူ့အကျိုးပြုလုပ်ငန်းပင်ဖြစ်သည်။

တိုးတက်ဆောင်ကြဉ်း

ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်း မီးရထားလမ်းပိုင်း အသစ်များကို တည်ဆောက် ဖောက်လုပ်ပေးသည့် လုပ်ငန်းများအပြင် မြန်မာနိုင်ငံ၏ အဓိက ရထားလမ်းမကြီးဖြစ်သည့် ရန်ကုန်–မန္တလေးလမ်းတွင် ရထားများ အမြန်နှုန်းတိုးမြှင့်ပြီး ဘေးကင်းစွာ ဖြတ်သန်းခုတ်မောင်းနိုင်ရေးအတွက် မြစ်ငယ်–ကျောက်ဆည် (ဒွေးလမ်း) တစ်လမ်းတည်းသာ ရှိခဲ့သည့်အတွက် ရထားသွားလာမှုများ ကြန့်ကြာနေရာ ယခုအခါ အရှည် ၁၂၃ ဒသမ ၈၀မိုင် ရှိသည့် နေပြည်တော်ပျဉ်းမနား–မြို့ဟောင်း ဒွေးလမ်း (ကျည်ထောင်ကန်–ကျောက်ဆည်လမ်းပိုင်း) ဒွေးလမ်း စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသည်။ ထိုဒွေးလမ်းပိုင်း၌ တည်ဆောက်ရမည့် တံတား ၄၈၉စင်းအနက် ယခုအခါ တံတား ၄၈၇စင်းကို တည်ဆောက်



ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆိုက်ခေါင်–နမ့်စန် ရထားလမ်းဖောက်လုပ်ရေးအတွက် မြေသားတာပေါင် စတင်ပြုပြင်ခြင်းလုပ်ငန်းတွင် တပ်မတော်သားများ ဤသို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။
(ဓာတ်ပုံ–မြန်မာ့မီးရထား)

ခရီးမိုင် ၁၈မိုင်၊ သံလမ်းမိုင် ၁၉ဒသမ ၉၆မိုင်ကို ၂၀၀၆ခုနှစ် ဇွန်လ ၂၅ရက်နေ့၌ အောင်မြင်စွာ ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် မီးရထားစီး ခရီးသွားပြည်သူများ ခရီးသွားလာရမှု အချိန်ကုန်သက်သာသည့်အပြင် ဘေးကင်းလုံခြုံမှုများလည်း တိုးတက်ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

လမ်းဟောင်းများပြင်ဆင်

မြန်မာ့မီးရထားသည် ရထားလမ်းပိုင်းသစ်များ တိုးချဲ့ဖောက်လုပ်လျက်ရှိသလို ရထားလမ်းဟောင်းများ ကြံ့ခိုင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိရာ လမ်းခင်းကျောက်များ ဖြည့်ဆည်းခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ခြင်း၊ ရထားများ ခုန်ခြင်း၊ ဆောင့်ခြင်းတို့ နည်းပါးစေရန် သံလမ်းရေချိန်များ မှန်ကန်စေရေး ပြုပြင်ခြင်းကို ဖောက်ချ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရန်ကုန်မှ မန္တလေးအထိ အဆန်ရထားလမ်း တစ်ခုလုံးကို ပထမအဆင့် ပြင်ဆင်ပြီးဖြစ်သည်။

ဒွေးလမ်းများ

ထို့အပြင် နေပြည်တော် ပျဉ်းမနားနှင့် မြို့ဟောင်းအကြား ရထားလမ်း ခဲ့ပြီးဖြစ်သဖြင့် သံလမ်းခင်းသည့် လုပ်ငန်းများ အနည်းငယ်သာ ကျန်ရှိတော့ရာ မကြာမီပြီးစီးကာ လာမည့် ပွင့်လင်းရာသီ၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည်။ ထိုသို့ ဒွေးလမ်းများ ဖောက်လုပ်နိုင်ခြင်းကြောင့် မီးရထားဖြင့် ခရီးသွားလာရာတွင် ပိုမိုလျင်မြန်ကာ အချိန်ကုန်သက်သာစေမည်ဖြစ်သည်။

တံတားကြီး၊တံတားငယ်

မြန်မာနိုင်ငံအနှံ့ မီးရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခဲ့ရာတွင် တံတားကြီး၊ တံတားငယ်ပေါင်း ၉၆၉၃ စင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ထိုသို့ တံတားများ တည်ဆောက်ပေးခဲ့ရာတွင် ပေ ၈၅၀ရှိသည့် ရေးမြစ်ကူးတံတားနှင့် သံလွင်တံတား(မော်လမြိုင်) တံတားကြီးများကဲ့သို့သော မီးရထားလမ်းမြစ်ကူး တံတားကြီးများကို တည်ဆောက် ဖောက်လုပ်ပေးနိုင်ခဲ့သည်။

လျင်မြန်သွက်လက်

ထို့ကြောင့် မြန်မာနိုင်ငံအနှံ့ မီးရထားလမ်းသစ်များ ဖောက်လုပ်ပေးခြင်း၊ မီးရထားလမ်း ဖြတ်ကျော်တံတားများ တည်ဆောက်ပေးခြင်းနှင့် ရထားလမ်းဖြတ် ဥမင်များ တည်ဆောက်ပေးနိုင်ခဲ့ခြင်းတို့ကြောင့်ပြည်သူများ မီးရထားဖြင့် ခရီးသွားလာမှုများ အဆင်ပြေချောမွေ့ကာ ကုန်စည်စီးဆင်းမှုများလည်း ယခင်ကထက် လျင်မြန်သွက်လက်လာပြီး ဒေသဖွံ့ဖြိုးရေးများပါ အချိန်တိုအတွင်း ဖြစ်ထွန်းလာနေပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ခရီးသွားပြည်သူများ တစ်နိုင်ငံလုံး နေရာအနှံ့ မီးရထားဖြင့် လွယ်ကူစွာ ခရီးသွားနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ရေးတို့အတွက် ရထားလမ်းပိုင်းအသစ်များ တိုးချဲ့ ဖောက်လုပ်ပေးခဲ့။

နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်

နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်

ရန်ကုန် ဩဂုတ် ၂၉

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြား တင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခ ဖတ်ကြားတင်ပြသည့် 'အုပ်ချုပ်ရေးအခန်း' တွင် ပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခ ဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

အခန်း(၅)
အုပ်ချုပ်ရေး

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှု

ပြည်ထောင်စုအစိုးရအဖွဲ့

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍–

(က) နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊

(ခ) (၁) နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည်။

(ဂ) နိုင်ငံတော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်–

(၁) နိုင်ငံတော်သမ္မတ၊

(၂) ဒုတိယသမ္မတများ၊

(၃) ပြည်ထောင်စုဝန်ကြီးများ၊

(၄) ပြည်ထောင်စုရှေ့နေချုပ်။

(ဃ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်–

(၁) ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ်ဝန်ကြီးဌာနများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်သည်၊

(၂) ပြည်ထောင်စုဝန်ကြီးဦးရေကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ်ဦးရေကို တိုးခြင်း၊ လျှော့ခြင်း ပြုနိုင်သည်။

(င) ပြည်ထောင်စုဝန်ကြီးများသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည်–

(၁) အသက် ၄၀နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ။

၂။ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍–

(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန်–

(၁) လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊

(၂) ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို ရယူရမည်၊

(၃) ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနများအပြင် အခြားဝန်ကြီးဌာနများတွင် တပ်မတော်သားများအား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သားများ၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်၊

(ဂ) ပြည်ထောင်စုဝန်ကြီး၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်း တင်သွင်းသည့်ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ၊

(ဃ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(င) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးရမည်။ ထိုသို့ ခန့်အပ် တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး တစ်ဦးချင်းအလိုက် တာဝန်ယူရမည့်ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရမည်၊

(စ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ် တာဝန်ပေးသည့်အခါတိုင်း၊ ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းကြားရမည်။

(ဆ) ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

၃။ ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍–

(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများအား အထောက်အကူပြုရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံသူများကို ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်–

(၁) အသက် ၃၅နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ပြည့်စုံသူ၊

(၃) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

(ခ) နိုင်ငံတော်သမ္မတသည် ဒုတိယဝန်ကြီးများ ခန့်အပ် တာဝန်ပေးရာတွင် ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ တာဝန်များပေးအပ်ရန်ဖြစ်ပါက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို ရယူရမည်၊

(ဂ) နိုင်ငံတော်သမ္မတသည် ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနများအပြင် အခြားဝန်ကြီးဌာနများတွင် တပ်မတော်သားများအား ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဃ) နိုင်ငံတော်သမ္မတသည် ဒုတိယဝန်ကြီးများအား ခန့်အပ်တာဝန် ပေးရာတွင် တာဝန်ယူရမည့် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရမည်၊

(င) ဒုတိယဝန်ကြီးများသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးအား လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ တစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်။

၄။ ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍–

(က) ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးအား အောက်ပါ အကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စုဝန်ကြီး၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

(ခ) ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဂ) သို့ရာတွင် ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုဝန်ကြီးရာထူးတွင် ဆက်လက် တာဝန်ထမ်းဆောင်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတက စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးအား တာဝန်မှ ရပ်စဲရမည်၊

(ဃ) စွပ်စွဲပြစ်တင်မှုသည် မမှန်ကန်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ဆုံးဖြတ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။

၅။ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခွင့်၊ တာဝန်မှရပ်စဲခွင့်၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခွင့် စသည်တို့နှင့် စပ်လျဉ်း၍–

(က) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်၊

(ခ) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်၊

(ဂ) နိုင်ငံတော်သမ္မတသည်–

(၁) ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး တစ်ဦးဦးအား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်၊

(၂) ရာထူးမှ နုတ်ထွက်ရမည့် သို့မဟုတ် တာဝန်မှ ရပ်စဲခံရမည့် တပ်မတော်သား ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးနှင့် ပတ်သက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးအသစ် သို့မဟုတ် ဒုတိယဝန်ကြီးအသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်၊

(င) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှ စ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

(စ) (၁) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့ တစ်ခုခု၏ အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။ ။

အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး စင်ကာပူ၌ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ကဏ္ဍဆိုင်ရာများ ဆွေးနွေးခဲ့

ရန်ကုန် ဩဂုတ် ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ် ၂၃ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ၌ကျင်းပသော (၂၅)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် အရှေ့အာရှဒေသ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

ရှင်းလင်းပြောကြား

ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသော (၂၅)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဝန်ကြီးက အာဆီယံဒေသအတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံအတွင်း ကုန်းပိုင်းနှင့် ကမ်းလွန်ဒေသများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေးလုပ်ငန်းများ၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ တိုးတက်သုံးစွဲနေမှုအခြေအနေနှင့် လောင်စာဆီအစားထိုး ဘိုင်အိုဒီဇယ် ထုတ်လုပ်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင်ကျင်းပသော အာဆီယံ စွမ်းအင်ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် အရှေ့အာရှဒေသ အိန္ဒိယနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။



ညှိနှိုင်းဆွေးနွေး

ဝန်ကြီးသည် ဩဂုတ် ၂၄ရက်တွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E Dr. Piyasvasti Amranand ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M - 9 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို ဈေးကွက်သို့အမြန်ဆုံး ရောင်းချနိုင်ရေးနှင့် ပြည်တွင်းသုံးစွဲရေးတို့အတွက် ညှိနှိုင်းဆွေးနွေးသည်။

ဝန်ကြီးသည် ဩဂုတ် ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် Gold-Petrol ကုမ္ပဏီ၊ Petrol-China ကုမ္ပဏီ၊ HQCEC ကုမ္ပဏီ၊ Silver Wave ကုမ္ပဏီ၊ China Oil ကုမ္ပဏီ၊ Rimbunan Petrogas ကုမ္ပဏီနှင့် Petronas ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသော (၂၅)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

(၂) ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို၊

(ဆ) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ၊

(ဇ) (၁) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများအား ခန့်အပ်တာဝန်ပေးသည့် နိုင်ငံတော်သမ္မတသည် ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ နိုင်ငံတော်သမ္မတ ရာထူးလစ်လပ်ပါက အစားထိုး ရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံတော်သမ္မတအသစ်က ပြည်ထောင်စုဝန်ကြီးအသစ်များ သို့မဟုတ် ဒုတိယဝန်ကြီးအသစ်များကို ခန့်အပ် တာဝန်ပေးပြီးသည့်အချိန်အထိ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်၊

(၂) အစားထိုး ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီးအသစ်များနှင့် ဒုတိယဝန်ကြီးအသစ်များ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတအသစ်၏ ကျန်ရှိသည့် ရာထူးသက်တမ်း ကုန်ဆုံးသည့်အထိသာ ဖြစ်ရမည်။

(ဈ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်။

၆။ ရှေ့နေချုပ်အခေါ်အဝေါ်နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုရှေ့နေချုပ်ဟု ခေါ်ဝေါ်သုံးစွဲရမည်။

၇။ ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်းပြီး–

(က) နိုင်ငံတော်သမ္မတသည် ဥပဒေအကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာ တာဝန်များပေးအပ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်–

(၁) အသက် ၄၅ နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) (ကက) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး အနှစ် ၂၀ အမှုလိုက်ပါဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။

(၄) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

(ခ) ပြည်ထောင်စုရှေ့နေချုပ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ၊

(ဂ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်သည် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်ဖြစ်သည်၊

(င) ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

၈။ ပြည်ထောင်စုရှေ့နေချုပ်အပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းပြီး–

(က) ပြည်ထောင်စုရှေ့နေချုပ်အား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စုရှေ့နေချုပ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ဥပဒေအရပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

(ခ) ပြည်ထောင်စုရှေ့နေချုပ်အပေါ် စွပ်စွဲပြစ်တင်လိုပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဂ) သို့ရာတွင် ပြည်ထောင်စုရှေ့နေချုပ်အပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုရှေ့နေချုပ် ရာထူးတွင် ဆက်လက် တာဝန်ထမ်းဆောင်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်အား တာဝန်မှ ရပ်စဲရမည်၊

(ဃ) စွပ်စွဲတင်ပြမှုသည် မမှန်ကန်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ဆုံးဖြတ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။

၉။ ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်းပြီး–

(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်အား အထောက်အကူပြုရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘောဆန္ဒအလျောက် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်–

(၁) အသက် ၄၀နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ပြည့်စုံသူ၊

(၃) (ကက) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းရာထူးတွင် အနည်းဆုံး ၁၀နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။

(၄) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

(ခ) ဒုတိယရှေ့နေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း တာဝန်ခံရမည်။

၁၀။ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခွင့်၊ တာဝန်မှရပ်စဲခွင့်၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခွင့် စသည်တို့နှင့်စပ်လျဉ်းပြီး–

(က) ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ ရာထူး သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်၊

(ခ) ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်၊

(ဂ) နိုင်ငံတော်သမ္မတသည် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်၊

(ဃ) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ် ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အသစ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်၊

(င) ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(စ) ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ဆ) ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ၊

(ဇ) (၁) ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့အား ခန့်အပ်တာဝန်ပေးသည့် နိုင်ငံတော်သမ္မတသည် ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်စေ နိုင်ငံတော်သမ္မတရာထူး လစ်လပ်ပါက အစားထိုးရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံတော်သမ္မတအသစ်သည် ယင်းတို့အား ဆက်လက်တာဝန်ပေးနိုင်သည် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အသစ်နှင့် ဒုတိယရှေ့နေချုပ်အသစ်များကို ခန့်အပ်တာဝန်ပေးနိုင်သည်။ ယင်းသို့ ခန့်အပ်တာဝန်ပေးမည်ဆိုပါက ပြည်ထောင်စုရှေ့နေချုပ် အသစ်နှင့် ဒုတိယရှေ့နေချုပ်အသစ်များကို ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့အား ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက် ထမ်းဆောင်စေနိုင်သည်။

(၂) အစားထိုး ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုရှေ့နေချုပ်အသစ်နှင့် ဒုတိယရှေ့နေချုပ်အသစ်တို့၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတအသစ်၏ ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးသည် အထိသာ ဖြစ်ရမည်။

(ဈ) ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၁၁။ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်တို့၏ အဆင့်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်သည်။ ဒုတိယရှေ့နေချုပ်ကို ဒုတိယဝန်ကြီးအဆင့် သတ်မှတ်သည်။

ပန်းတိုင်အထွက်နှုန်းရရှိရေး ခေတ်မီနည်းစနစ်အသုံးပြု ဒေသတွင်းဆီဖူလုံမှုရရှိစေရေး နေကြာသီးညှပ်စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သာယာဝတီမြို့အထွက် မိုင်တိုင် ၈၁/၀ သင်တောရိုးကွင်းရှိ မိုးစပါးစံပြကွက် ဧက ၅၀၀ သို့ ရောက်ရှိကြသည်။

သီးညှပ်စိုက်ပျိုး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒေသခံတောင်သူလယ်သမားများ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု ဆောင်ရွက်ရေး၊ မိုးစပါးရိတ်သိမ်းပြီးစီးက ဒေသတွင်းဆီဖူလုံမှုရရှိစေရေးအတွက် ပဲစိုက်ခင်းများတွင် နေကြာ သီးညှပ်စိုက်ပျိုးသွားကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မိုးစပါးစံပြကွက်ဧက ၅၀၀တွင် ဆင်းသွယ်လတ်စပါးမျိုး ဖြစ်ထွန်းအောင်မြင်နေမှု၊ ပေါင်းသင်နေမှု၊ မြေဩဇာထည့်သွင်းကြဲပက်နေမှုနှင့် တမန်းနှီး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား မြို့ဝင်မြို့ထွက် ဧက၅၀၀ စံပြ စိုက်ကွက်များကို ဧက ၁၀၀၀ စိုက်ကွက်များအဖြစ် တိုးချဲ့ဆောင်ရွက်ရေးမှာကြားသည်။

တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာအနီး ကံတင်ဘီးလင်းဆည် လက်ဝဲတူးမြောင်းမကြီးရေကျ အဆောက်အအုံ အမှတ်(၁၁)ရှိ အသေးစားရေအားလျှပ်စစ်ဓာတ်အား ပေးစက်ဖွင့်ပွဲသို့ တက်ရောက် အားပေးသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးနှင့် ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၉) ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်တို့က အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ် ဓာတ်အားပေးစက် တပ်ဆင် လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျေးရွာမီးလင်းရေးကော်မတီနှင့် ပြည်သူများအား တွေ့ဆုံ၍ စဉ်ဆက်မပြတ် လျှပ်စစ်မီးပေးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထွန်းညှိအသုံးပြုရ

ယခုဖွင့်လှစ်သည့် အသေးစားရေအားလျှပ်စစ် ဓာတ်အားပေး စက်သည် လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်စက်အဖြစ် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တပ်ဆင်ပေးထားခြင်းဖြစ်ပြီး သုံးကီလိုဝပ်လျှပ်စစ်စက်နှစ်လုံးမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ခြောက်ကီလိုဝပ်ဖြင့် မကျီးကွင်းကျေးရွာရှိ ရွာတွင်းလမ်း၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားစေတီများနှင့် အိမ်ခြေ ၉၃လုံးတွင် အိမ်တိုင်းမီးရရှိပြီး စုစုပေါင်း နှစ်ပေမီးချောင်း ၁၀၇ချောင်း ထွန်းညှိ အသုံးပြုနိုင်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်–ပြည်ကားလမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်မြို့သို့ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သာယာဝတီမြို့ သင်တောရိုးကွင်းရှိ မိုးစပါးစံပြကွက် ဧက ၅၀၀တွင် မြေဩဇာထည့်သွင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)သက်လွှတ်ပွဲနှင့် မေတ္တာပို့ရွတ်ဆိုပူဇော်ပွဲ အခမ်းအနားကို ရိပ်သာအတွင်း မဟာစည်မွှာရုံကြီး၌ ယနေ့နံနက် ၈နာရီကကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ မေတ္တာအခါတော်နေ့မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင် ရဟန်း ရှင်လူ ယောဂီများက မေတ္တာသုတ်ပါဠိတော်၊ မေတ္တာသုတ်မြန်မာပြန်၊ ပရိတ်လုံးဘွဲ့ ကဗျာများဖြင့် ညီညီညာညာ ရွတ်ဆိုပူဇော်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သတ္တဝါများအပေါ် မေတ္တာထားကြရန်နှင့် သက်သတ်လွတ်စားခြင်း၏ အကျိုးသက်ရောက်မှုများကို တင်ပြပြီး ကိုးမိုင်မဟာစည်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အရှင်သူမြတ်က မေတ္တာဘာဝနာ ပွားပုံများကို ရှင်းလင်းဟောကြားတော်မူသည်။

ဘေးမဲ့လွှတ်

ဆက်လက်၍ ဆရာလေးဒေါ်ပညာရီက ၎င်း၏(၅၆)နှစ်မြောက် မွေးနေ့မင်္ဂလာအဖြစ် မေတ္တာအခါတော်နေ့သို့ ပါဝင်ဆင်နွှဲကြသော ရဟန်း ရှင် လူ အပေါင်းအား သက်သတ်လွတ် မေတ္တာဆွမ်းလှူဒါန်းသည်။ ဒေါက်တာတင်ခိုင်မြင့်က အလှူရှင်အသီးသီးအား ဖတ်ကြားကြေညာ၍ ဆရာတော်ကြီးက ဂုဏ်ပြုလွှာချီးမြှင့်ပြီး မေတ္တာပို့ ရေစက်ချ အနုမောဒနာတရားတော်ချီးမြှင့်သည်။ ဆက်လက်၍ စာကလေး အကောင်ကိုးရာကျော်ကို ကျောင်းပရဝဏ်အတွင်း ဘေးမဲ့လွှတ်ပြီး **(အပေါ်ပုံ)** ငါးအကောင်တစ်ထောင်ကျော်ကို မဟာဓမ္မပါလကုန်းမြေ စွယ်တော်ကန်၌ ဘေးမဲ့လွှတ်ကြသည်။ **(က–ပ)**

NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် မြောင်မြို့နယ်မှပါတီဝင်ခုနစ်ဦးစုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်တင်တင်အောင်၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်တင်တင်နိုင်၊ ဒေါ်အေးအေးလွင်၊ ဒေါ်ကြည်ကြည်မြ၊ ဦးအောင်ပိုက်နှင့် ဦးသိန်းစိုးတို့သည် ဩဂုတ် ၂၄ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မြောင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLDပါတီသည် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များကို မသိကျိုးကျွန်ပြုလျက်ရှိကြောင်း၊ အနောက်ဆရာကြီးများ၏ အားကိုးဖြင့် ထိပ်တိုက်ရင်ဆိုင်ရေးလုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်လျက်ရှိကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အာဆီယံလူငယ်ဓာတ်ပုံဆရာများဆုဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ခံရသူစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၂၉

အာဆီယံအနှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံလူငယ်ဓာတ်ပုံဆရာများဆုနှင့်ဓာတ်ပုံပြပွဲကို စင်ကာပူအမျိုးသားလူငယ်အောင်မြင်မှုကောင်စီက ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည် ဖြစ်သည်။ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုလူငယ်ဓာတ်ပုံဆရာတစ်ဦး ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် **"အာဆီယံရုပ်သွင် လူငယ်အမြင်"** ဟူသော ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အရပ်ရပ်မှ ဓာတ်ပုံပညာရှင်၂၁ဦးက ဓာတ်ပုံပေါင်း ၉၈ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အကောင်းဆုံး လူငယ်ဓာတ်ပုံဆရာ အဖြစ် ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း) ရွေးချယ်ခံရသည်။

စေလွှတ်မည်

ရွေးချယ်ခံရသူအား ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အာဆီယံလူငယ် ဓာတ်ပုံဆရာများဆုနှင့် ဓာတ်ပုံပြပွဲသို့ စေလွှတ်သွားမည်ဖြစ်ပြီး ၎င်းခရီးစဉ်အတွက် ကုန်ကျမည့်ခရီးစရိတ်၊ တည်းခိုနေထိုင်စားသောက်စရိတ်များအား သက်ဆိုင်ရာ အဖွဲ့အစည်းက ကျခံပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်ဒုတိယညွှန်ကြားရေးမှူးချုပ် ကလေးဝမြို့ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ဩဂုတ်၁၉ရက်က ကလေးဝမြို့သို့ ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အမှုဆောင်အရာရှိ ဦးမြင့်အောင်က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ဝင်ငွေသုံးငွေ အခြေအနေနှင့် မြို့ပြကျေးလက် လမ်းတံတားရေပေးရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် မြို့တွင်း လမ်းတံတားများနှင့် မြို့သာယာလှပရေး ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသွားကြောင်း သိရသည်။ **(က–ပ)**

မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်းဒုတိယဆုရရှိ

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၇ခုနှစ် (၃၉)ကြိမ်မြောက် မာဒေးကားဖလားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အိမ်ရှင်မလေးရှားအသင်းတို့ ယနေ့ည ဒေသစံတော်ချိန် ၈နာရီ ၄၅မိနစ်တွင် ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အိမ်ရှင်မလေးရှားလက်ရွေးစင်ဘောလုံးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်သွားသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် (၃၉)ကြိမ်မြောက် မာဒေးကားဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့ပြီး ဩဂုတ် ၃၀ရက် ည၉နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာပေါင်း သီရိရွှေသာဈေး ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၉

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဈေးတာဝန်ခံ ဦးနေမျိုးဟန်နှင့် ဈေးသူဈေးသားများ ဩဂုတ် ၁၂ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသန်းက ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သေဋ္ဌိလဓမ္မာရုံတည်ဆောက်ရေး အလှူငွေပေးအပ်

မော်လမြိုင်ကျွန်း ဩဂုတ် ၂၆

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ တောရကျောင်းပရိယတ္တိစာသင်တိုက်ဝင်းအတွင်း သေဋ္ဌိလဓမ္မာရုံတည်ဆောက်ရေးအတွက် အလှူငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၁ရက် နံနက် ၇နာရီက မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ (၃)လမ်းရှိ အလှူရှင်နေအိမ်၌ ကျင်းပသည်။

ယင်းအလှူငွေပေးအပ်ပွဲတွင် မော်လမြိုင်ကျွန်းမြို့နေ အဖဦးအောင်ချင်း-အမိဒေါ်တင်ကြည်၊ အစ်မကြီး ဒေါ်လှရွှေ၊ ဒေါ်အုန်းရွှေတို့အား ရည်စူး၍ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ခင်စန်းတင့် ညီအစ်မနှစ်ဦးတို့က အလှူငွေကျပ်ငါးသိန်းကို တောရကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်လှိုင်၊ အတွင်းရေးမှူး ဦးတင်အေး၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သိန်းတို့က လက်ခံယူကြသည်။ **(အပေါ်ဝဲပုံ)**

လှူဒါန်းနိုင်

အဆိုပါ သေဋ္ဌိလဓမ္မာရုံတည်ဆောက်ရေးတွင် ပါဝင်လှူဒါန်းလိုသူများသည် တောရကျောင်းဂေါပကအဖွဲ့ မော်လမြိုင်ကျွန်းမြို့ ဖုန်း-၀၄၂-၅၀၁၂၃ သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၉၇)**

တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်း

ဩဂုတ် ၂၀ရက်က ပရိယတ္တိ သာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းက နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဆရာတော်၊ သံဃာတော်များအား တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းရန်အတွက် အလှူငွေကျပ်ငါးသိန်းကို အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အကျိုးဆောင်ချုပ် ဦးအေးတို့က ပေးအပ်လှူဒါန်းရာ သာသနာ့တက္ကသိုလ်(ရန်ကုန်) ညွှန်ကြားရေးမှူး ဦးသန်းဝင်းက လက်ခံယူစဉ်။ (က-ပ)

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ပခုက္ကူ၌ ကျင်းပ

ပခုက္ကူ ဩဂုတ် ၇

မြစ်ချောင်းအင်းအိုင်များတွင် ငါးမျိုးပြန့်ပွား အထွက်နှုန်းတိုးရေးအတွက် မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး၏ စီစဉ်မှုဖြင့် ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်းသို့ ငါးမှုန်သိန်း ၆၀၊ ငါးသန် ၂ ဒသမ ၅သိန်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ရက် နံနက် ၈ နာရီက အဆိုပါရုံးခန်းမ၌ကျင်းပရာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမြင့်စောက ငါးမျိုးစိုက်ထည့်ရခြင်း ရှင်းလင်းပြောကြားပြီး ဗုဒ္ဓကုန်းဆိပ်ကမ်းမှ ဧရာဝတီမြစ်အတွင်းသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ခရိုင်ဥက္ကဋ္ဌဦးတင်မောင်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆွေနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။**(အောက်ပုံ)** (က-ပ)

သီပေါမြို့ ဈေးချိုတော်ဈေး သမဝါယမအသင်းလီမိတက် ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်း

သီပေါ ဩဂုတ် ၂၂

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်လှိုင်သည် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၇ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဈေးချိုတော်ဈေး သမဝါယမအသင်းလီမိတက်သို့ ရောက်ရှိကြသည်။

ရှင်းလင်း

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်လှိုင်အား သီပေါမြို့ ဈေးချိုတော်ဈေး သမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးအေးကျော်က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ အသင်းသားပါဝင်မှုနှင့် အစုစုဆောင်းငွေအခြေအနေ နှင့် ၂၀၀၇-

၂၀၀၈ ရေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ရှင်းလင်း တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။ အဆိုပါ သီပေါမြို့ ဈေးချိုတော်ဈေး သမဝါယမအသင်း လီမိတက်သည် အောင်မြင်လျက်ရှိသည့် အသင်းတစ်သင်းဖြစ်သဖြင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီးက စံပြအသင်းအဖြစ် ဂုဏ်ပြုသတ်မှတ်ခြင်း ခံရသည့် အသင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲ ပုလဲမြို့၌ ကျင်းပ

ပုလဲ ဩဂုတ် ၁၂

ပုလဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက်က ပုလဲရတနာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးနိုင်အေးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမျိုးအေးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ အသင်း၏ လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အသင်းအတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာစိန်လင်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်း ဘုရင့်နောင်လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၅ရက်က အမှုဆောင်အရာရှိ ဦးမိုးအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးသာလှမော်နှင့်အဖွဲ့ ကွန်ဟိန်းမြို့နယ် မြို့မကျေးရွာအုပ်စု သိန်းဖျန်ကြက်ဆူစံပြကျေးရွာ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်မှုကို ဩဂုတ် ၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၄ ရပ်ကွက် နဝရတ် (၁)လမ်း အမှတ်(၇၀၇)နေ ဖခင်ကြီးဆရာလွယ်-မိခင်ကြီးဒေါ်စိန်မြိုင်အား ရည်စူး၍ ဦးကျော်ထွန်းလွင်-ဒေါ်ဝင်းဝင်းလွယ်၊ သား မောင်ထွန်းလင်း၊ သမီး မသဇင် မိသားစုတို့က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့တာအာဟာရကျွေးမွေးလှူဒါန်းပြီး ဆေးအာဟာရ ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင်က လက်ခံယူစဉ်။ (၃၈၀)

တာချီလိတ်မြို့၌ ရေနုတ်မြောင်းတူးဖော်

တာချီလိတ် ဩဂုတ် ၈

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့ ဂေါက်ကွင်းလမ်းဘေး ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၃) ဦးမြင့်နိုင် ခေါင်းဆောင်သောအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ရက်က တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



30-8 (15) 1 8/30/07, 2:24 AM

မန္တလေးမြို့ မဒေသဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၇ မိုင်ခွဲ တေးနုယဉ်လမ်း အမှတ် ၄၅/၇ နေ ဒေါ်ခင်တင့်အား ရည်စူးလျက် ဦးဇော်ဝင်း-ဒေါ်ခင်ခင်ကြီးမိသားစုက ကျောင်းအလှူငွေကျပ်နှစ်သိန်းနှင့် ပညာရေးအလှူငွေကျပ်ငါးသောင်း စုစုပေါင်းငွေကျပ်နှစ်သိန်းငါးသောင်းကို လှူဒါန်းရာ အကျိုးဆောင်ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

ပန်းအလှပင်များ ဘီးလင်း၌ ပျိုးထောင်

ဘီးလင်း ဩဂုတ် ၁၇

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် အဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးနေမှုကို ဩဂုတ် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အင်းစိန်လမ်း အောင်လှရိပ်သာ အမှတ် ၅၃/ကနေ ဦးမောင်လွင်-ဒေါ်သန်းသန်း ဌေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြကန်သာပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်ထားမှုကို ဇူလိုင် ၈ ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်သန်းသန်းထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချင်းပြည်နယ် အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျန်းမာရေးပညာပေးဟောပြော၊ အခမဲ့ဆေးကုသ

ဟားခါး ဩဂုတ် ၂၇

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် ဖလမ်းခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ပြည်နယ်အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ဆေးကုသပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီက အဆိုပါပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်ဝါဝါ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်စီ၊ ဖလမ်းခရိုင်ဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့် အထူးကု ဆရာဝန်ကြီးများက လူနာပေါင်း ၄၀၉ ဦးအားအခမဲ့ ရောဂါရှာဖွေခြင်း၊ စမ်းသပ်ခြင်းနှင့် ဆေးဝါးကုသခြင်းများ ပြုလုပ်ပေးသည်။

ထို့နောက် နယ်မြေခံတပ်နယ်ရိပ်သာ၌ တပ်ရင်းမိသားစု စည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ကျန်းမာရေးပညာပေး ဟောပြောပွဲနှင့် အိုင်အိုဒင်းဆား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးဥက္ကဋ္ဌဒေါ်ဝါဝါက အမှာစကားပြောကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ဖားကန့်ကျောင်းများ၌ ခြင်ဆေးဖျန်း

ဖားကန့် ဩဂုတ် ၂၆

ဖားကန့်မြို့အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဘုန်းလင်း ဦးဆောင်သော ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များစုပေါင်း၍ ဩဂုတ် ၂၁ ရက်က မရှိကထောင်ရပ်ကွက်နှင့် ဖားကန့်အထက၊ အမကကျောင်းများရှိ ခြင်ခိုအောင်းနိုင်မည့်နေရာများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စက်များဖြင့် ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

တိုက်ကြီးမြို့ပေါ် ရပ်ကွက်များအတွင်း ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ ဩဂုတ်၃ရက်က တိုက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ်ဝန်းကျင်နှင့် စာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အမှုဆောင်အရာရှိဦးတင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေကြည်မြို့မ ဈေးကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေး ဖျန်း ခြင်း လုပ်ငန်းကို ဇူလိုင် ၁၄ ရက်က အဖွဲ့ရုံး ဝန် ထမ်း များ၊ ဈေး မိ ဈေး ဖ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဌေးနိုင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက်

၃၁-၈-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)အဆိုပြိုင်ပွဲဝင်များ လေ့လာနားဆင်ရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)

၁၁း၃၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကြောင်လျှာပင်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အစဉ်သာသင်ပါ)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) မောင်ချစ်သောမိုး (မျိုးမြင့်လေး)
(၂) မိုးလုံးပတ်လည် (ပိုးအိစံ)
(၃) မိုးနဲ့အတူ (အေသင်)

၁၆း၃၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (မြောင်းမြမြို့မှ စပါးအခြောက်ခံစက်)

၁၇း၂၀ အဘိုးအဘွားအလေးထား (စစ်ကိုင်းတိုင်း မုံရွာမြို့မှ ဘွားသက်ရှည် ဒေါ်လှလှနှင့် တွေ့ဆုံဆွေးနွေးခန်း)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အနားမှာနေပါကွယ်)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (စိတ်ချမ်းသာဖို့ လေ့ကျင့်ရန် အကြောင်း-မောင်ဆုရှင်)

၁၉း၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ

၂၀း၃၀ လပတ်မိုးလေဝသခန့်မှန်းချက် -ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေမေ့ပုံပြင် (ဌေးဌေးမြင့်)
(၂) ဒီမျက်နှာလေးမြင်ဖူးတယ် (ကိုလေးအောင်)
(၃) သက်ဆိုင်သူသို့ (ကြည်ကြည်ဌေး)

ရန်ကုန်တိုင်းပစ္စည်း 'မ' အမည်

ပညာဒီပ ပညာရေးထာဝရ ငွေပဒေသာပင် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဩဂုတ် ၁၅

တာချီလိတ်မြို့နယ် ပညာဒီပ ပညာရေးထာဝရငွေပဒေသာပင်အဖွဲ့၏ တတိယအကြိမ်မြောက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၀ ရက်နံနက် ၉နာရီခွဲက တာချီလိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာဒီပအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြပြီးတာချီလိတ်မြို့နယ် မိုင်ဖုန်း(က)ကျေးရွာအုပ်စု ဝမ်တုံမူလတန်းလွန်ကျောင်းမှ ကျောင်းသူကျောင်းသား ၉၄ ဦးအတွက် ငွေကျပ်လေးသိန်းခွဲ တန်ဖိုးရှိ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံနှင့် စာရေးကိရိယာများကို ခရိုင်ဥက္ကဋ္ဌဦးခင်သန်း၊ အတွင်းရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် တာဝန်ရှိသူများက ကျောင်းသူကျောင်းသားတစ်ဦးချင်းထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒေါက်တာမြင့်အောင်-ဒေါ်ခိုင်ဖြူစင်(အောင်ဆေးခန်း)၊ ဒေါက်တာမြင့်သောင်း-ဒေါ်ခင်ခင်ရီ (စေတနာဆေးခန်း)၊ ဦးခင်မောင်မြင့်-ဒေါ်နန်းနွမ်း (ပြည်ခိုင်ဖြိုး သုံးဘီးဆိုင်ကယ်အသင်း)တို့က ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ဦးဇော်ညွန့်-ဒေါ်အားချင်မိသားစုက ငွေကျပ် ငါးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းက လက်ခံယူကြောင်း သိရသည်။ **(၄၂၀)**

မြန်အောင်မြို့ အမှတ်(၃)ရပ်ကွက် အင်းဝလမ်း ရေနုတ်မြောင်းအတွင်း ရေမြောင်းတူးဖော်မှုကို ဩဂုတ် ၇ ရက်က အမှုဆောင် အရာရှိနှင့် ဦးစီးအရာရှိတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ကတ္တရာခင်းရန် ကျောက်စုဆောင်း

ဇန်းမော် ဩဂုတ် ၁

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် သီရိရတနာလမ်း(မြို့ပြ) ကတ္တရာခင်းခြင်းလုပ်ငန်းတွင် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုကို ဇူလိုင် ၉ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းများအရည်အသွေးပြည့်မီရေးဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မြစ်ကြီးနားမြို့ ရပ်ကွက်လမ်းများ ဆက်သွယ် သွားလာမှု ကောင်းမွန်ရေးအတွက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် ရှမ်းစုတောင်ရပ်ကွက် အရှည် ၁၄၀၈ပေ၊ အကျယ် ၁၂ ပေရှိ ကမ်းနားလမ်းကို မြို့တွင်း ရပ်ကွက်များနှင့် ဆက်သွယ် သွားလာမှု ကောင်းမွန်ရေး၊ ကမ်းနားလမ်းသန့်ရှင်းသာယာ လှပရေးအတွက် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်မော်မော်သိန်း ကြီးကြပ်၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်မှုကို ဩဂုတ် ၁၂ရက်ကမြို့နယ်တာဝန်ခံ အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့်အင်ဂျင်နီယာမှူးဦးသိန်းမြင့်တို့က လမ်းအရည်အသွေး ပြည့်မီကောင်းမွန်ရေးနှင့် စံချိန်စံညွှန်းကောင်းမွန်ရေး ဆောင်ရွက်ကြကြောင်း သိရသည်။ *(မြို့နယ်စည်ပင်)*

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်

လှည့်လည်အပူဇော်ခံပွဲတော်ကြီး

(၁၀၇) ကြိမ်မြောက်၊ (၁၁၀)နှစ်ပြည့်၊ ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည် အပူဇော်ခံပွဲတော်ကြီးကို ၁၃၆၉-ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက် (၂၃-၉-၂၀၀၇) ရက်နေ့မှ၊ တော်သလင်းလပြည့်ကျော် (၁)ရက် (၂၇-၉-၂၀၀၇) ရက်နေ့အထိ (၅)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

၁၃၆၉-ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ (၂၄-၉-၂၀၀၇) ရက်နေ့ မွန်းလွဲ (၁း၀၀) နာရီမှစတင်၍ ဗုဒ္ဓမြတ်စွယ်တော်ရတနာကို ဆင်တော်ပေါ်သို့ပင့်ဆောင်ပြီး ယိမ်း၊ နိပါတ်၊ ဘာသာရေး အဖွဲ့အစည်းများ လိုက်ပါခြံရံလျက် မြို့ပေါ်သို့ လှည့်လည်အပူဇော်ခံပါမည်။

၁၃၆၉-ခုနှစ်၊ တော်သလင်းလဆန်း (၁၄)ရက်နေ့မှ တော်သလင်းလပြည့်နေ့ည (၁၀း၀၀) နာရီအထိ ဗုဒ္ဓမြတ်စွယ်တော်ရတနာကို စိန်ကြုတ်မှဖွင့်လှစ်၍ ပကတိအတိုင်း ပူဇော်ခံထားရှိမည် ဖြစ်သည်။

စျေးဆိုင်ဟောင်းများကို တော်သလင်းလဆန်း (၁)ရက်၊ (၁၂-၉-၂၀၀၇) ရက်နေ့မှစတင်၍ တော်သလင်းလဆန်း (၃)ရက်၊ (၁၄-၉-၂၀၀၇) ရက်နေ့အထိရောင်းချပြီး စျေးဆိုင်သစ်များကို တော်သလင်းလဆန်း (၄)ရက်၊ (၁၅-၉-၂၀၀၇) ရက်နေ့မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။

အခြားမြို့နယ်များသို့ အလှူခံမစေလွှတ်ပါ။

မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့၊ ပေါင်းတည်မြို့။

တာယာပန်းတင်ခြင်းလုပ်ငန်းအတွက်ရော်ဘာနှင့်ဆက်စပ်ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်သည့် ကုန်အမှတ်တံဆိပ်ကို MYANMAR SUN TECHNOLOGY CO., LTD. ၏ တစ်ဦးတည်း မူပိုင်အဖြစ် ထုတ်လုပ်ဖြန့်ချိမည်ဖြစ်ကြောင်း သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် -၅၃၉ (အေ) ရှိ MYANMAR SUN TECHNOLOGY CO., LTD. သည် အောက်ဖော်ပြပါကုန်စည်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်။

SUNTEX

အထက်ပါကုန်စည်အမှတ်တံဆိပ်အမည်အမှတ်အသားမှာ တာယာပန်းတင်ခြင်းလုပ်ငန်း (အအေးစနစ်)နှင့်ဆက်စပ်သော ရော်ဘာထုတ်ကုန်ပစ္စည်းများဖြစ်သော PRE- CURED TREAD LINER, CUSHION GUM, GUM CORD, CARBON MASTER BATCH, CUSTOM MADE COMPOUND နှင့် ရော်ဘာCOMPOUND မျိုးစုံကို ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ နိုင်ငံခြားမှတင်သွင်းခြင်းနှင့် ပန်းတင်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် -၄၉၀၄/၀၇ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို မမှန်မကန်သုံးစွဲလျှင်ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင် ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်လျှင်၊ သုံးစွဲလျှင်ဖြစ်စေ၊ မူပိုင်ရှင်ခွင့်ပြုချက်မရဘဲ သုံးစွဲလျှင်ဖြစ်စေ၊ နိုင်ငံခြားမှတင်သွင်းလျှင်ဖြစ်စေ သက်ဆိုင်ရာဥပဒေကြောင်းအရ အရေးယူခြင်း ခံရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိန်လှ	ဒေါ်ချိုချိုဝင်း	ဒေါ်အိနိုင်ထွန်း
(တရားလွှတ်ရုံးချုပ်ရှေ့နေ နှင့် နိုင်ငံကြီးပဋိဉာဏ်လ)	(တရားရုံးချုပ်ရှေ့နေ)	(အထက်တန်းရှေ့နေ)
B.A, B.L, D.M.A, D.I.R	LL.B, D.B.L	LL.B

အခန်း (A -၂၀)၊ ပထမထပ်၊ အမှတ် -၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၀၃၃၁၉၂၊ ၀၉-၅၁၄၅၁၃၂

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၂၀၁ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဒေါ်အမာ
မိတ္ထီလာမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်–၁၉၃တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၈ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တော်သလင်းလပြည့်ကျော်၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ရတနာမာန်အောင်ရပ်၊ အကွက် (၈ခ/ရတနာမာန်အောင်) ဦးပိုင်အမှတ်(၇၂)၊ မြေကွက်အမှတ်(၁၀၃)၊ ဧရိယာ ၀ဒသမ ၀၇၅ဧကရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ လူနေနှစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း ထမင်းစားဆောင်။

လေလံကြမ်းခင်းဈေးကျပ်သိန်း ၂၀၀။
ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ်ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံ စည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ်ဩဂုတ်၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ချည်မျှင်နှင့်အထည်စက်ရုံ(ဆားလင်းကြီး)အတွက် ဝါဂွမ်းကုန်ကြမ်းများကို အောက်ပါအစီအစဉ်အတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်(ပိဿာ)
(က)	ပြည်တွင်း ခ–မ–ရ(A)အဆင့်	၃၀၀၀၀၀
(ခ)	ပြည်တွင်း ခ–မ–ရ(B)အဆင့်	၂၀၀၀၀၀

စျေးနှုန်းလွှာပိတ်ရက်နှင့်အချိန် ၁၀–၉–၂၀၀၇ရက်၊ ညနေ ၅နာရီ
၂။ စျေးနှုန်းလွှာပုံစံနှင့်အသေးစိတ်အချက်အလက်များကို စီမံကိန်းဌာန၊ ချည်မျှင်နှင့်အထည်စက်ရုံ (ဆားလင်းကြီး)နှင့် တယ်လီဖုန်းအမှတ် ၀၇၁–၂၂၈၇၅၊၂၂၈၉၂ တို့သို့ စုံစမ်းဝယ်ယူနိုင်ပါသည်။

မြန်မာ့အထည်အလိပ်လုပ်ငန်း
ချည်မျှင်နှင့်အထည်စက်ရုံ(ဆားလင်းကြီး)၊
ဆားလင်းကြီးမြို့။

ဆပ်ပြာကုန်ကြမ်းဆီအမျိုးမျိုး အဝယ်တင်ဒါ

(နိုင်ငံခြားငွေ/မြန်မာကျပ်ငွေ)

၁။ ဝယ်ယူလိုသည့် ပစ္စည်းများ – ဆပ်ပြာကုန်ကြမ်းဆီအမျိုးမျိုး
၂။ တင်ဒါပိတ်ရက်နှင့်အချိန် – ၁၄–၉–၂၀၀၇ ရက် (၁၄း၀၀)နာရီ
၃။ နေရာ – နေပြည်တော်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းအမှတ်
၀၆၇–၄၀၈၁၆၂
၀၆၇–၄၀၈၁၄၃

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)
အမှတ်(၁)စက်မှုဝန်ကြီးဌာန
နေပြည်တော်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (၂/၂၀၀၇)ကြိမ်မြောက် ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အသုံးမလိုတော့သည့် အောက်ဖော်ပြပါ(မော်တော်ယာဉ်/ထွန်စက်/ စက်ယန္တရား) အဟောင်းများအား သာကေတကမ်းလွန်ရေနံ အခြေစိုက်စခန်းနှင့် ရေနံမြေဒေသအသီးသီးတွင် ပစ္စည်းအစုအပုံ(Lot)အလိုက် ခွဲခြားသတ်မှတ်ထားရှိပြီး မျက်မြင်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။
(က) မော်တော်ယာဉ်ဟောင်း (၅၆)စီး
(ခ) ထွန်စက်ဟောင်း (၇)စီး
(ဂ) ယန္တရားအဟောင်း (၂၇)စီး
၂။ (ချိပ်ပိတ်တင်ဒါစည်းကမ်းနှင့် စျေးနှုန်းလွှာတင်သွင်းလွှာပုံစံ)ရောင်းချမည့်နေ့နှင့် ပစ္စည်းများကြည့်ရှုခွင့်ပြုမည့်နေ့ — ၃–၉–၂၀၀၇ ရက်မှ ၁၇–၉–၂၀၀၇ ရက်အထိ ရုံးချိန်အတွင်း
၃။ ချိပ်ပိတ်တင်ဒါစျေးနှုန်းတင်သွင်းလွှာနောက်ဆုံးတင်သွင်းရမည့် နေ့၊အချိန် — ၁၈–၉–၂၀၀၇ ရက်(အင်္ဂါနေ့) ၁၀း၀၀နာရီ
၄။ ချိပ်ပိတ်တင်ဒါဖွင့်မည့်နေ့၊ အချိန် — ၁၈–၉–၂၀၀၇ ရက်(အင်္ဂါနေ့) ၁၁း၀၀ နာရီ
၅။ ချိပ်ပိတ်တင်ဒါစည်းကမ်းနှင့် စျေးနှုန်းတင်သွင်းလွှာပုံစံ ရောင်းချမည့်နေရာ–
(က) စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း၊ (ဘဏ္ဍာရေးဌာန)ရန်ကုန်။
(ခ) စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ဘဏ္ဍာရေးဌာန)ရုံးအမှတ်(၄၄)၊ နေပြည်တော်။
၆။ ချိပ်ပိတ်တင်ဒါ တင်သွင်းမည့်နေရာ– မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ဘဏ္ဍာရေးဌာန)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။
၇။ တင်ဒါပုံစံတစ်ခုလျှင် ကျပ် ၅၀၀၀ ဖြင့်ရောင်းချပါမည်။
၈။ ပစ္စည်းဟောင်းများ ကြည့်ရှုရမည့်နေရာ–
၁။ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း
၂။ နွားမယံဆိုက်စမစ်အခြေစိုက်စခန်း
၃။ ချောက်ရေနံမြေ
၄။ မန်းရေနံမြေ
၅။ ပြည်ရေနံမြေ
၆။ ဖူးကြီးပိုက်လိုင်းအခြေစိုက်စခန်း
၉။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
(၁)၀၁–၅၄၂၇၃၂ (၂)၀၁–၅၄၂၇၂၉ (၃)၀၆၇–၄၁၁၃၃၇

ယာဉ်၊ ယန္တရားဟောင်းများရောင်းချရေးအဖွဲ့
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။

ရေနုတ်မြောင်းတူးဖော်

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သရဖီလမ်း ရေနုတ်မြောင်းတူးဖော်ခြင်းကို ဇူလိုင်၂၀ရက်က အမှုဆောင်အရာရှိ ဦးတင်စိုးဝင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ နတ်ရွာ–ရွှေညောင်ခင်လမ်းအပိုင်း(၂) ကျောက်ချောလမ်းခင်းခြင်းနှင့် ကျောက်များ စုဆောင်းထားရှိမှုကို ဩဂုတ် ၆ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုး စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)



ဇူလိုင် ၃၁ရက်က ပြည်မြို့ မင်းကြီးတောင်ခြေရှိ ပန်းပြာသာဒ်ပုံစံ မြေယာရှုခင်း မွမ်းမံပြုပြင်ခြင်းကို ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မည်သည့်နိုင်ငံမဆို အခြားသောနိုင်ငံတစ်ခုအပေါ် လူ့အခွင့်အရေး၊ အကြမ်းဖက်မှု နှိမ်နင်းရေးအကြောင်းပြ၍ နိုင်ငံရေးအမြတ်ထုတ် အသုံးချခြင်းမျိုး မပြုလုပ်သင့်

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝပ်ခရမ်မာနာရာကာ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် အမျိုးသားညီလာခံ ကျင်းပလျက်ရှိ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များ ရှာဖွေဖော်ထုတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝပ်ခရမ်မာနာရာကာတို့သည် ဩဂုတ် ၂၇ ရက် ညနေ ၃နာရီ ၁၅ မိနစ်တွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့ရှိ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်

အမျိုးသားညီလာခံ စုံညီ အစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့ဝင် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၉

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း ဖတ်ကြားတင်ပြသည့် 'ဥပဒေပြုရေးအခန်း'တွင် ပါဝင်သော လွှတ်တော်အဆင့်ဆင့်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်းရှိ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်။

၁။ (က) ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်။

(၂) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။

စာမျက်နှာ ၄ ကော်လံ ၁ ●